ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း အကျဉ်းချုပ်

20.4.2022

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၁၁)ဦး	(-)ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့နှင့် ပျားစခန်း ကျေးရွာကြား ၁၁ မိုင်ကုန်းအနီး ကင်းလှည့်နေသည့် စကစ တပ်သား ၂ ဦးကို KNLA တပ်မဟာ-၂ တပ်ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ရာ စကစတပ်သား ၂ ဦးသေဆုံး၍ သေနတ် ၂ လက် သိမ်းဆည်းရခဲ့သည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ကောခကျေးရွာရှိ စကစ တပ်သားများနှင့် ပျူစောထီးများသည် ရွှေဘိုမြို့မှ ကားဖြင့် ပြန်လာချိန်၌ ရွှေဘိုခရိုင်၊ PDF အမှတ်(၅) တပ်ရင်း မှချုံခိုတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၃) ဦးသေဆုံး၍ ပျူစောထီး (၂) ဦးဒဏ်ရာရရှိ သွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ခင်ဦးရဲစခန်းအား မြို့နယ်ဒေသ ကာကွယ်ရေးအဖွဲ့ (၁) ဖွဲ့မှ အီနာဂါဗုံးသီးများ၊ လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ နေ့လယ်(၁:၀၀)နာရီကျော်၌ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့မှလာသော စကစ ကား (၆) စီးအား ဒေသကာကွယ်ရေးတပ်ဖွဲ့များမှ မြင်းမူမြို့နယ်၊ ပျော့ကျေးရွာနှင့် ထီးဆောင်းကျေးရွာကြား၌ မိုင်းဆွဲတိုက် ခိုက်ခဲ့ပြီး မွန်းလွဲပိုင်း၌ မြင်းမူမြို့နယ်၊ မြင်းမူမြို့၊ မြို့ရှောင်လမ်းတွင် ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့ကာ ညနေပိုင်းတွင် မြင်းမူမြို့နယ်၊ ဝွေးပင်တော ကျေးရွာအကျော်၌ မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး မိုင်းဆွဲတိုက်ခိုက်မှုတွင် စကစ တပ်သားများ သေဆုံးမှု ရှိခဲ့ကာ ဒဏ်ရာရရှိသူများလည်း ရှိခဲ့သည်။

တနင်္သာရီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားကျေးရွာ၊ ဘုရားကုန်း၌ တပ်စွဲထားသည့် စကစတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)မှ တိုက်ခိုက်ခဲ့ပြီး စကစဘက်မှ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သော်လည်း ပြည်သူ့ကာကွယ်ရေးတပ်များဘက်မှ ထိခိုက်မှုမရှိဘဲ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကာ တိုက်ခိုက်မှုကြောင့် စကစ တပ်သားသေဆုံးမှု အရေအတွက်ကို အတည်မပြုနိုင်သေးကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ တနင်္သာရီတိုင်း၊ မြိတ်-ထားဝယ်ကားလမ်းပေါ်ရှိ သရက်ချောင်းမြို့နယ်၊ ပန်းပြင်ရွာနှင့် သရက်နှစ်ခွကျေးရွာကြား၌ စကစတပ်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစ တပ်သား ၇ ဦးထက်မနည်း သေဆုံးခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ သိန္နွေရွာလှေဆိပ်၌ ဆပ်ကြေးကောက်နေသည့် စကစ တပ်သား ၂ ဦးကို ဘက်မလိုက်ပြောက်ကျားအဖွဲ့မှ တိုက်ခိုက်ခဲ့ပြီး စကစ တပ်သား ၁ ဦး သေဆုံးခဲ့ကာ ပစ်ခတ်ခံရပြီးနောက် စကစတပ်ဘက်မှ လက်နက်ကြီး လက်နက်ငယ်များနှင့် ပြန်လည်ပစ်ခတ်သော်လည်း ဘက်မလိုက်ပြောက်ကျားအဖွဲ့ဝင်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါကြားတွင် ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) နှင့် စကစတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကူလာသော စကစ ကားကို စည်ပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးတွင် YDF တပ်ဖွဲ့မှ ကြားဖြတ်တိုက်ခိုက်ခဲ့ပြီး ဂန့်ဂေါမြို့နယ်ရဲမှူး ၁ ဦး၊ စကစ ဗိုလ် ၁ ဦးနှင့် ရဲတပ်သား ၂ ဦး သေဆုံးသွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဇီးကုန်းနှင့်ဇီးကုန်းကျွန်းကြားတွင် စကစ တပ် နှင့် ပျူစောထီးများ လိုက်ပါလာသည့် ဆိုင်ကယ်နှင့်ကားများကို People Defense Force Yesagyo မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး စကစ တပ်သား အပါအဝင် ပျူစောထီး ၄ ဦးသေဆုံးသွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကညွင်မြိုင်ကျေးရွာတွင် တပ်စွဲထားသော စကစတပ် ခမရ (၃၈၃၊ ၃၈၄) တပ်မှ ကျေးရွာအနီးပတ်ဝန်းကျင်ကို လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလဝိုး ကျေးရွာအုပ်စု၊ ပြကနဲကျေးရွာ နှင့် ထီးသူကူးကျေးရွာများမှ လူနေအိမ်အချို့အား ခလရ (၂၆၁) တပ်က စကစတပ်သားများ မီးရှို့သွားခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆို အရှေ့ဘက်ခြမ်း ကရင်နီတပ်မတော် (KA) ထိန်းချုပ်နယ်မြေ အမှတ် (၁) ခရိုင်အတွင်းရှိ ကျေးရွာ ၁ ရွာ သို့ စကစဘက်မှ ပစ်လိုက်သောလက်နက်ကြီး ၁၂ လုံး ကျရောက်ပြီး နေအိမ်အချို့ ထိမှန်၍ ပြည်သူ ၁ ဦး လက်နက်ကြီးစ ထိမှန်ခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့၊ အို့ခူးရီကျေးရွာ ကက်သလစ်ဘုရားကျောင်းအား စကစတပ်များက ဖျက်ဆီးသွားခဲ့သည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ မူးခံတွင်းကျေးရွာ၌ စခန်းချခဲ့သော စကစ တပ်သား (၇၀) ခန့်မှ ကင်းတဲ ၁ ခုအားမီးရှို့ခဲ့ပြီး အဘိုး၊ အဘွား (၂) ဦးအား ပစ်သက်သွားခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ပုတီးကျေးရွာကို စကစ တပ်နှင့် ပျူစောထီး များက မီးဝင်ရှို့သောကြောင့် ပြည်သူပိုင် နေအိမ် ၆၀ ကျော် မီးလောင်ပြာကျခဲ့သည်။

Date -20/04/22

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>ရှမ်းပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ နဘန်းကြီးကျေးရွာမှ ယခင်အုပ်ချုပ်ရေးမှူးဟောင်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုဝင်းခိုင်၏နေအိမ်ကို စကစတပ်က မီးရှို့သွားခဲ့ပြီး မီးရှို့ချိန်တွင် နေအိမ်၌ တစ်စုံတစ်ဦးမှ မနေထိုင်ကြောင်း သိရသည်။

<u>ရန်ကုန်တိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမပေါ်တွင် စကစ DC ၁ စီးမှ Taxi ကိုတားဆီးပြီး အမျိုးသမီး ၃ ဦးကို ဖမ်းဆီးသွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်းမှတ်တိုင်အနီး ဆန္ဒပြရန် လူစုချိန် စကစတပ်မှ ကားဖြင့်ဝင်တိုက်၍ အမျိုးသား ၁ ဦး နှင့် အမျိုးသမီး ၂ ဦး ကို အကြမ်းဖက် ဖမ်းဆီးသွားခဲ့သည်။